သူငယ်ချင်းတို့ရေ! မကြာခင်မှာ သင်တို့၏ သူငယ်တန်း ပထမဦးဆုံးနေ့ကို ကျရောက်လာပါတော့မည်၊ သူငယ်တန်းကလေးများသည် ကျောင်းသို့ ကျောင်းကားဖြင့်သော်လကောင်း၊ လမ်းလျှောက်၍သော်လကောင်း၊ ကိုယ်ပိုင်ကားဖြင့်သော်လကောင်း ကျောင်းသို့ရောက်လာကြပါသည်၊

မိဘများသည် ကျေးဇူးပြု၍ ကျောင်းမတက်ခင်တွင် ကျောင်းကားလမ်းကြောင်းကို လေ့လာထားကြပြီး သင်တို့၏ကလေးများနှင့် ကျောင်းကားလုံခြုံရေး အကြံပေးချက်များကို ပြောဆိုကြပါ၊ သင်တို့၏ထံတွင် မေးမြန်းစရာရှိပါက ၄၆၇- ၁၉၀၅ သို့ခေါ်ယူ၍ နံပါတ်(၃)ကို ရွေးချယ်၍နှိပ်ပါ၊

ဖော်ရွေသောဆရာ၊ဆရာမများ၊ ကျောင်းဝန်ထမ်းများနှင့် ကျောင်းအုပ်တို့သည် သင်တို့၏စာသင်ခန်းနှင့် နံနက်စာစားရန် စားသောက်ခန်းတို့ကို ကူညီ၍ရှာပေးကြပါလိမ့်မည်၊ သင်၏ကိုယ်ပိုင်စာသင်ခန်းသို့ရောက်သောအခါ သင်၏ကိုယ်ပိုင် ကျောပိုးလွယ်အိပ်နှင့် အနွေးညှိချိပ်ရာကို သင်တွေ့ရှိပါလိမ့်မည်၊ သင်၏ကျောပိုးအိပ်သည် ကျယ်ပြန့်သောကျောပိုးအိပ်ဖြစ်ပါစေ၊ သင်၏နာမည်၊လိမ့်စာနှင့် တယ်လီဖုန်းနံပါတ်တို့ကို ကျောပိုးအိပ်ထဲတွင် ထည့်၍ကျောင်းသို့နေ့စဉ်ယူဆောင်လာပါ၊

အံ့အောစရာပါဘဲ၊ ဒီစာသင်ခန်းကိုကြည့်ပါ၊ သူငယ်တန်းစာသင်ခန်းတခုစီသည် မတူညီကြဘဲကွဲပြားခြားနားပြီး စာရေးစာပွဲနှင့် ထိုင်ခုံတစ်ခုစီတို့သည် သင်၏အရွယ်အတွက်ပြုလုပ်ထားပါသည်၊

စာသင်ယူရာတွင် အချိန်ယူရပါသည်၊ ဆရားများသည် စာသင်ခန်းတွင် ပုံပြင်ဖတ်ပြသောအခါတွင် ကျောင်းသား၊သူများသည် အုပ်စုလိုက်နေကြရပါသည်၊  နေ့စဉ်ထူးဆန်းသောအကြောင်းအရာများကိုပြောပြကြရပါသည်၊

ဆရာများသည် ကျွန်ုပ်တို့အား အိမ်သာမည်သည့်နေရာတွင်ရှိကြောင်းကို သေချာအောင်ပြုလုပ်၍အသိပေးပါသည်၊

ကျောင်းတွင်းအလုပ်လုပ်နိုင်သောနေရာများကိုဖော်ပြရလျှင် စာသင်ခန်းတွင်ရှိစာကြည့်တိုက်၊ နားသောတဆင်သောဌါန၊ စာရေးဌါနနှင့် သင်တို့အသုံးပြုနိုင်ရန် သံခဲတ်ပါသည့် ကပ်ခွာနိုင်သည့် အက္ခရာစကားလုံးများ လဲရှိပါသည်၊ စာရေးဌါနတွင် သင်တို့အသုံးပြုနိုင်ရန် အထောက်အပံပေးသောပစ္စည်းများလဲရှိပါသည်၊

သင်သည်အကူအညီလိုအပ်သောအခါ ဆရာ၊ဆရာမများသည် အမြဲတစေ ကူညီပါလိမ့်မည်၊

ယောကျာ်းကလေးများနှင့်မိန်းခလေးများသည် အုပ်စုလေးမျုးဖွဲ့၍ အလုပ်လုပ်ကြရပါသည်၊

နေ့လည်စာစားဘို့အချိန်ကျရောက်လာပါပြီ၊ သင်၏ပထမနှင့်နောက်ဆုံးနာမည်ကို ကွန်ပြူတာထားရှိသော စာရင်းပေးသွင်းသည့်နေရာတွင် ပြောပြကြရပါသည်၊ အစားအစာများသည်အလွန်ဘဲ စား၍ကောင်းပါသည်၊

အဲဒီနောက်တွင် အားလပ်ချိန်သို့ရောက်ရှိလာပါတော့သည်၊ ကျောင်း၏ပြင်ပတွင် သူငယ်ခြင်းများနှင့် ကစားရခြင်းသည်  သင်တို့၏ကိုယ်လက်ကြံခိုင်ရေးကို ဖြစ်စေပြီး လေကောင်းလေသန့်လဲရပါသည်၊ အားလပ်ချိန်သည် အလှည်ကျပြုလုပ်တက်ခြင်းနှင့် ဝေမျှပြုလုပ်ခြင်းတို့ကို သင်ယူရန်အချိန်ကောင်းဖြစ်ပါသည်၊  အကယ်၍ သင်သည် ထိခိုက်ဒဏ်ရာရမှုဖြစ်ပေါ်လာခဲ့ပါက ကူညီမည့် တစုံတယောက် အမြဲရှိနေပါသည်၊ ကျောင်း၏ဆေးခန်းသူနာပြုဆရာမနှင့် ကျောင်းစာရေးသည် မည်သို့လုပ်ဆောင်ကြရလိမ့်မည်ကို သူတို့သိကြပါသည်၊

ကျောင်းတွင် အလွန်ပျော်ရွှင်စရာကောင်းသော အတွေ့အကြုံများရရှိကြပါသည်၊ သင်တို့၏ကိုယ်ပိုင်ညဏ်ကို အသုံးပြုသော သိပ္ပံလုပ်ငန်းများ၊ ပျော်ရွှင်စရာကောင်းသော သင်္ချာနှင့် ကျွန်ုပ်တို့၏ကမ္ဘာကြီးအကြောင်းကို သင်ကြရပါသည်၊  အပတ်စဉ်တွင် သင်သည် ကျမ်းမာရေးအားကစားကွင်းသို့  သွားရပါလိမ့်အုံးမည်၊ အနုပညာသင်တန်းနှင့် ပြန်ကြားရေးဌါနတို့တွင် သင်သည်အိမ်သို့စာအုပ်များငှါးရမ်းယူဆောင်နိုင်ပါသည်၊ သင်တွင်ဆရာအမြောက်အများရှိပါလိမ့်မည်၊

သင်သည်မပျော်လင့်သောအချိန်တွင် အိမ်သို့ပြန်သောအချိန် ကျရောက်လာပါပြီ၊ ဆရာ၊ဆရာမများနှင့် ကျောင်းဝန်ထမ်းများသည် သင်တို့စီးနှင်းသော ကျောင်းကား(သို့) မှန်ကန်သော ကားဆီသို့ရောက်ရှိစေရန် သေချာအောင်ပြုလုပ်ပေးပါသည်၊

သင်၏လက်ကောက်ဝတ်တွင်ရှိသော လက်ပက်အမှက်အသားသည် သင်ဘယ်နေရာသွားလိမ့်မည်ကို ပြောပါလိမ့်မည်၊ ကျောင်းစတက်ရသောအပတ်တွင် နေ့စဉ်ဝတ်ဆင်ထားပါ၊

ကျောင်း၏လမ်းကြောင်းထိမ်းသိမ်းပေးသူကလဲ သင့်ကို ကြည့်ရှုပေးပါလိမ့်မည်၊ မနက်ဖြန်တွင်ပြန်လာကြပါ၊ အထူးသဖြင့် သူငယ်တန်းများ၏ နေ့စဉ်ကျောင်းတက်မှန်ရန်မှာ အလွန်ဘဲအရေးပါ ပါသည်၊

မိဘများ - အကယ်၍ သင်တို့၏ကလေးသည် သူတို့၏စီးနေကျ ကျောင်းကားပေါ်တွင် မပါလာပါက မစိုးရိမ်ကြပါနှင့် ကျောင်းသို့ဖုန်းခေါ်ပါ၊ ကျောင်းသည် လိုအပ်သောနေရာသို့ အမြန်ဆုံးစေလွှတ်ပေးသည့် ဌါနသို့ ဖုန်းခေါ်ပါလိမ့်မည်၊ မိဘများမှက်သားထားရန်မှာ သယ်ယူပို့ဆောင်ရေး အပြောင်းအလဲ ပြုလုပ်ပါက 467-1905 ထံသို့ ဖုန်းခေါ်ယူ၍ နံပါတ်(၃)ကိုနိပ်၍ အကြောင်းကြားပါ၊

သင်တို့၏ ကလေးအား သူတို့၏ ကျောင်းကားစုရပ်ရာနေရာသို့ (5) မိနစ်တွင် ကြို တင်ရောက်ရှိနေရန် ပြုလုပ်ပေးကြပါ၊ ရာသီဉတုနှင့် ဆီလျှော်အောင် ဝတ်ဆင်လာပါ၊ ကျောင်းကားလုံခြုံရေးနှင့် စည်ကမ်းများကို သင်တို့၏ကလေးနှင့် ပြောဆို ကြပါ၊

- ကျောင်းကားပေါ်တွင် ဆူညံခြင်းတို့ကိုမပြုလုပ်ရပါ၊
- မိမိ၏ထိုင်ခုံနေရာတွင် အမြဲတစေ ထိုင်နေပါ၊
- ကားမောင်းသူ၏ စကားကိုနားထောင်ပါ၊

မေ့တောမလို့နော်! သင်၏မိသားစုသည် သင်၏ကလေးကျောင်းတက်ရန်အဆင်သင့်ဖြစ်ခြင်းနှင့် ခက်ခဲသောပထမနေ့များကို ပယ်ဖျက်ခြင်း စသည် နွေရာသီ လုပ်ငန်းပြက္ခဒိန် တို့ကိုသေချာအောင်ဖတ်ရှုကြပါ၊ သူတို့၏ထံတွင် သင်တို့လိုအပ်နေသော တနစ်တာ သူငယ်တန်းများအတွက် အကြံညဏ် ပေးမှုများပါရှိပါသည်၊

ဩဂုတ်လတွင် သူငယ်တန်းများ၏ တွေ့ဆုံပွဲအတွက် ကျောင်းသို့လာရောက်ရန်မမေ့ကြပါနှင့်၊ သင်နှင့် သင်၏မိသားစုတို့သည် သင်တို့၏ ဤတန်းပိုင်ဆရာမကို ကျောင်းစ၍မဖွင့်ခင်ချိန်တွင် တွေ့ဆုံနိုင်မည့် အထူးအရေးပါသောနေ့ဖြစ်ပါသည်၊ နွေရာသီ မိသားစု လုပ်ငန်းပြက္ခဒိန် ဗပါ်တွင် ပြုလုပ်လိမ့်မည့်နေကို ကြည့်ရှုကြပါ၊

သူနာပြုဆရာမ၏အမှာစကား၊
ပထမဦးဆုံး ကျောင်းအတွေ့အကြုံသည် အလွန်ဘဲစိတ်တက်ကြွလှုပ်ရှားမှု ဖြစ့်တက်ပြီးစိတ်လှုပ်ရှားမှု ကိုပါဖြစ်ပေါ်စေတက်ပါသည်၊ Fort Wayne Community Schools ကျမ်းမာရေးဌါနနှင့် ကျောင်းသူနာပြုဆရာမတို့သည် လုံခြုံစိတ်ချရသော အတွေ့အကြုံနှင့် ချောမွတ်သောအသွင်ကူးပြောင်းမှု ဖြစ့်စေရန် ပြုလုပ်ပေးပါလိမ့်မည်၊

ကျောင်း၏ သူနာပြုဆရာမသည်၊

- သင်ဖျားနာနေသောအခါနှင့် ထိခိုက်ဒဏ်ရာရသောအခါတွင် သင်ကိုကူညီပါလိမ့်မည်၊
- သင်၏အမြင်အာရုံကို စစ်ဆေးပေးပါလိမ့်မည်၊
- သင်၏အကြောင်းကြားချက်များကို နားထောင်ပါလိမ့်မည်၊
- ကျမ်းမာရေးနှင့်ပက်သက်သောနေရာများတွင် ထောက်ခံအားပေးပါလိမ့်မည်၊ မေးမြန်းမှုကိုသာပြုလုပ်ပါ၊

သင်တို့ကလေး၏ ကျောင်းတွင်အောင်မြင်မှုသည် ကျွန်ုပ်တို့အတွက် အလွန်အရေးကြီးပါသည်၊ ကျမ်းမာသောကလေးသည် စာသင်ရာတွင် အလွန်ဘဲ စိတ်ပါဝင်စားမှုရှိပါသည်၊ အကယ်၍သင်တို့၏ကလေးသည် အောက်ပါအခြေအနေများတွင်ရှိပါက ကျောင်းသို့မပို့ပေးကြပါနှင့်

- သူတို့သည် အပူချိန် 101 ထက်ကျော်လွန်နေပါက၊
- သူတို့သည် ဝမ်းပျက် ဝမ်းလျှောနေခြင်း၊ အော့အံနေခြင်းတို့ဖြစ်ပါက၊
- သူတို့သည် သိသာမြင်သာအောင် ဖျားနာနေခြင်း၊
- သူတို့သည် အလွန်ဘဲ ချောင်းဆိုးနေခြင်း၊

သင်တို့၏ကလေးသည်ဖျားနာနေသောအခါ (သို့) ထိခိုက်ဒဏ်ရာရသောအခါတွင် မိသားစုသည်အလွန်ဘဲ အရေးပါပါသည်၊ ကျွန်ုပ့်တို့သည် သင်တို့၏အကူအညီကို လိုအပ်ပါသည်၊
ကျွန်ုပ့်တို့၏ထံသို့ ပေးအပ်ရန်မှာ၊

- ဆက်သွယ်နိုင်ရန် တိကျ၍ ပြည်စုံသော သတင်းအချက်အလက်များကို ပြည်စုံအောင်ပြုလုပ်၍ပေးခြင်း၊
- အရေးပေါ်ဆက်သွယ်နိုင်မည့် ဖုန်းနံပါတ် တစ်ခုထက်ပို၍ပေးခြင်း၊
- တိကျမှုရှိသော ကျမ်းမာရေးသတင်းများ၊

● သင်၏ကလေးကို လာကြို နိုင်မည့် သူများစာရင်းကို ခွင့်ပြု ချက်ပေးနိုင်ရန် ပြု လုပ်ထားပါ၊ အကယ်၍ သူတို့ သည် အဆိုပါစာရင်းတွင်မပါဝင်ပါက  သင်တို့ ၏ကလေးအားလာရောက် ကြို ဆိုခွင့်ကို ပေးလိမ့်မည်မဟုတ်ပါ၊

လိပ့်စာအပြောင်းအလဲများပြု လုပ်ပါက အသစ်တဖန်သေချာအောင် ပြု လုပ်၍ ထားပါ၊

ကျမ်းမာသောကလေးသည်နားထောင်စွမ်းရည်ကောင်းပြီး စာသင်ရာတွင် စိတ်ပါဝင်စားမှု ရှိပါသည်၊ ကျောင်းစ၍မဖွင့်ခင်တွင် သင်တို့ ၏သွားဆရာဝန်နှင့်၊ ကျမ်းမာရေးဆရာဝန်တို့ ၏ထံသို့ သွားရောက်၍ ပြသကြပါ၊

အကယ်၍သင်တို့ ၏ကလေးသည် ကျမ်းမာရေးစိုးရိမ်စရာများဖြစ့်သည့် ပန်းနာရင်ကျပ်ရောဂါ၊ အစားအသောက်မတည့်ဖြစ့်ခြင်း၊ ဆီးချိုနာ စသော အခြေအနေတွင်ရှိနေပါက ကျောင်းသူနာပြု ဆရာမနှင့်ဆက်သွယ်ပါ၊ ဆေးညွှန်းအတိုင်းလုပ်ဆောင်ပါ၊ ကျောင်းသို့ ပို့ ဆောင်ပေးသောဆေးများသည် မူလအရင်းဖြစ်သော ဆေးဘူးထဲတွင်သာ ရှိနေပါရမည်၊ သင်တို့ လိုအပ်သော ပုံစံကို ဖြည့်စွက်ပါ၊ ကျောင်းဆေးခန်းသူနာပြု ဆရာမကို ပြောပြကြပါ၊

Indiana ဥပဒေသက်မှက်ချက်အရ ကျောင်းသား၊ကျောင်းသူအားလုံးသည် ကျောင်းမတက်ခင်တွင် မဖြစ့်မနေ လိုအပ်သောဆေးများကို ထိုးပြီးကြပါရန် လိုအပ်ပါသည်၊ အခမဲ့ဆေးထိုး၍ ရရှိနိုင်သောနေရာများ၏ စာရင်းကို နွေရာသီ မိသားစုလုပ်ငန်းပြက္ခဒိန် ပေါ်တွင် ကြည့်ကြပါ (သို့ ) 449-7561 ထံသို့ ဖုန်းခေါ်ပါ၊

နောက်ဆုံးအရ၊  ကောင်းမွန်သောနံနက်စာသည် သင်တို့ ၏ကလေးအား ကောင်းမွန်သော အစပြု ခြင်းကို ဖြစ်စေပါသည်၊ အကယ်၍ သင်တို့ ၏ထံတွင် မေးမြန်းစရာ(သို့ ) အကြောင်းကြားစရာများရှိပါက သင်တို့ ၏ကျောင်းဆေးခန်း၏ ရှေးဦးသူနာပြု ဆရာမ (သို့ ) စားသောက်ရေးရာ ဌါနသို့ ဖုံန်းခေါ်ယူ၍ဆက်သွယ်ပါ၊

FWCS အင်တာနက်စာမျက်နာပေါ်တွင် သတင်းနှင့် အချက်အလက်များကို ပို၍ရရှိနိုင်ပါသည်၊
http://foodservice.fwcs.k12.in.us

## Dr. Robinson Welcome

ယောကျ်ားလေးများနှင့် မိန်းခလေးများအားလုံးကို ကြို ဆိုပါသည်၊ ကျွန်မတို့ သည် ကလေးများအားလုံးကို Fort Wayne Community Schools ကျောင်းများ၏ မြင့်မားသော အဆင့်သို့ ရောက်ရှိစေမည့် နေရာတွင် တွေ့ ရှိရသည့်အတွက် အလွန်ဘဲ စိတ်အားထက်သန်မိပါသည်၊ ကျွန်ုပ့်တို့ သည် သင်တို့ ၏ကျောင်းဖြစ့်ပါသည်၊